
အခြေခံမိတ်ဆက်စာစဉ်(ရုပ်ပြပုံပြင်)


mgyoe.com

# ကြောင်၊ ကျားနဲ့ ယုန်တို့ပုံပြင်


မမကြီးရဲ့ဇာတ်ညွှန်းကို
ဖေစိုးအောင်နဲ့ထက်မိုးသရုပ်ဖော်ပါတယ်။



mgyoe.com



စာဖတ်တတ်ခါစ ကလေးသူငယ်များ၊ လေ့လာသူ လူငယ်
လူရွယ်လေးများ၊ မြန်မာစာ စတင်သင်ယူသူများ... အစ
ရှိသဖြင့် ဖတ်ရှုနိုင်ရန် စီစဉ်သော စိတ်ကူးချိုချို၏ အခြေခံ
မိတ်ဆက်စာစဉ်များ



ISBN9789997116734
BBS3
9 789997 116734
1,200.00KS

ကြောင်၊ ကျားနဲ့ ယုန်တို့ပုံပြင်၊ မကြီး
စာမျက်နှာ ၄၇ မျက်နှာ၊ ၁၄.၅ စင်တီ× ၂၀.၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မဟိုးရိပ်လမ်း၊ ရန်ကင်း၊
၂၀၁၉၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

အခြေခံမိတ်ဆက်စာစဉ်

# ကြောင်၊ ကျားနဲ့ ယုန်တို့ပုံပြင်

ဇာတ်ညွှန်း – မမကြီး
သရုပ်ဖော် – ဖေစိုးအောင်၊ မိုးထက်မိုး

ပထမအကြိမ်၊ ၂၀၁၄

mgyoe.com

mgyoe.com

* စာဖတ်တတ်ခါစ ကလေးသူငယ်များ၊ လေ့လာသူ လူငယ် လူရွယ်လေးများ၊ မြန်မာစာ စတင်သင်ယူသူများ... အစ ရှိသဖြင့် ဖတ်ရှုနိုင်ရန် စီစဉ်သော စိတ်ကူးချိုချို၏ အခြေခံ မိတ်ဆက်စာစဉ်များ ဖြစ်ပါသည်။
* ဤအစီအစဉ်များတွင် အရုပ်နှင့် အရောင်များသော အစဉ်အလာ မြန်မာပုံပြင်များ၊ ထင်ရှားသော မြန်မာလူမျိုး ပုဂ္ဂိုလ်များ၏ ဘဝထုပ္ပတ်အကျဉ်းများ၊ လေ့လာမှတ်သား ဖွယ် မြန်မာစာပေမိတ်ဆက်များ ပါဝင်ထွက်ရှိသွားမည် ဖြစ်ပါသည်။

mgyoe.com

mgyoe.com



# ကြောင်၊ ကျားနဲ့ ယုန်တို့ပုံပြင်

ဇာတ်ညွှန်း– မမကြီး

သရုပ်ဖော် – ဖေစိုးအောင်၊ မိုးထက်မိုး





mgyoe.com

mgyoe.com



mgyoe.com

mgyoe.com





# မာတိကာ


| | |
|---|---|
| အအေးမိ နှာစေးနေတဲ့ ယုန် | ၂ |
| မောင်ပို နေမြဲ ကျား နေမြဲ | ၁၂ |
| ယုန်နှာခေါင်းက ဘာကြောင့် တွန့် | ၂၂ |
| ကျားက ကြောင်ကို ဘာကြောင့် မုန်း | ၃၆ |








mgyoe.com

mgyoe.com




mgyoe.com

mgyoe.com


# အအေးမိ နှာစေးနေတဲ့ ယုန်

တစ်ခါက တောတွင်းဘုရင် ခြင်္သေ့မင်းမှာ ဝန်ကြီးသုံးဦး ရှိတယ်။

ဝက်ဝံ၊ မျောက်နဲ့ ယုန်တို့ ဖြစ်ကြတယ်။

တစ်နေ့တော့ ခြင်္သေ့ဟာ သူတို့ကို စားချင်စိတ် ဖြစ်လာတယ်။

အကြောင်းမဲ့ ကိုက်စားလိုက်ရင်လည်း ဘုရင်မို့ မတရားလုပ်တယ် ပြောခံရမယ်။

ဒါကြောင့် အကြံထုတ်ကာ သူ့ပါးစပ်ကို ဟထားပြီး ဝန်ကြီး သုံးဦးကို နမ်းခိုင်းတယ်။

mgyoe.com



mgyoe.com

mgyoe.com


ပထမဆုံး ရိုးသားတဲ့ ဝန်မင်းဝက်ဝံက နမ်းကြည့်ရတယ်။

ခြင်္သေ့ကြီး ပါးစပ်က အသားတွေ နေ့တိုင်းစားတော့ နံနေတာပေါ့။

ဝက်ဝံကလည်း အမှန်အတိုင်း ပြောတယ်။


"နံပါတယ် ဘုရား..."

ခြင်္သေ့က ဒေါသသံနဲ့-

"မင်းဟာ သစ္စာဖောက်ပဲ...၊ ကိုယ့်အရှင်သခင်ကို စော်ကားတယ်။ မင်းကို သေဒဏ်ပေးမယ်" ပြောပြီး ဝက်ဝံကို ကိုက်စားလိုက်တယ်။


mgyoe.com


mgyoe.com



mgyoe.com








ဒီတစ်ခါ ဝန်မင်း မျောက်အလှည့်။
မျောက်က လည်တယ်။
"မွှေးပါတယ် ဘုရား"
ခြင်္သေ့က ဒေါသသံနဲ့–
"မင်းဟာ လူလိမ်ပဲ၊ မဟုတ်တာ ပြောတယ်။ မင်းကို သေဒဏ် ပေးမယ်" ပြောပြီး မျောက်ကို ကိုက်စားလိုက်တယ်။

mgyoe.com



mgyoe.com
mgyoe.com

mgyoe.com


နောက်ဆုံးတော့ ဝန်မင်းယုန်ရဲ့ အလှည့်ပါ။

ယုန်က–

"ကျွန်တော်မျိုး နှာစေးနေပါတယ် ဘုရား ... အနံ့ မရပါဘူး။ အိမ်ပြန် နားပြီး နေကောင်းမှ ပြန်လာနမ်းကြည့်ခွင့်ပြုပါ"

mgyoe.com

mgyoe.com



mgyoe.com


mgyoe.com


ခြသေ့်ဟာ အကျပ်ရိုက်သွားတယ်။ ယုန်ကို အပြစ်ရှာလို့ မရဘူးဖြစ်သွားတယ်။ မတတ်သာတော့ ယုန်ကို အိမ်ပြန်လွှတ်လိုက်ရတယ်။

ယုန်ကလည်း ဘယ်တော့မှ ခြသေ့်ဆီ ပြန်မလာတော့ပါဘူး။

❖

mgyoe.com




mgyoe.com
mgyoe.com

mgyoe.com


# မောင်ပို နေမြဲ ကျား နေမြဲ

ဟိုးရှေးတုန်းက ရွာသားလေး မောင်ပိုဟာ ရွာနားက တိရစ္ဆာန်တွေနဲ့ မိတ်ဆွေဖြစ်နေတယ်။

သူ့အရင်းနှီးဆုံး မိတ်ဆွေက ကျားပေါ့။

မောင်ပိုက ကျားအပေါ်မှာ အမှန်ခင်ပေမဲ့ ကျားကတော့ စဉ်းလဲကောက်ကျစ်တယ်။ ကျားရဲ့စိတ်ထဲမှာက မောင်ပိုသာ သူ့ကို ရွာထဲအလည်ခေါ်ရင် ရွာထဲက ကျွဲတွေ၊ နွားတွေကို ဆွဲမယ်ပေါ့။ ကိုက်ချီပြီး ရွာပြင်မှာ စားမယ်ပေါ့။

တစ်နေ့ ခေါ်နိုးခေါ်နိုးနဲ့ စောင့်ပေမဲ့ မောင်ပိုဟာ ကျားကို ရွာထဲ မခေါ်ဘူးတဲ့။ ကျားက–

"မောင်ပို...၊ ငါ့ကို မင်းရွာဆီ အလည်ခေါ်ပါလား"

"မဖြစ်ပါဘူး မောင်ကျားရယ်...၊ မင်းက ရွာပြင်စားကျက်က နွားတွေကို ခဏခဏ ဆွဲစားထားတော့ ရွာက မင်းကို မကျေနပ်ကြဘူး"

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com


"ငါ့ဘာသာပဲ ရှာထဲ ဝင်မယ်ကွာ"

"မင်းထက် ရှာသားတွေက ဉာဏ်ပိုတယ်။ မင်းကို ထောင်ချောက်ဆင် ဖမ်းကြလိမ့်မယ်"

ဒါကို ကျားက ဂရုမစိုက်ဘဲ အဲဒီညမှာပဲ ရှာထဲဝင်ပြီး နွားပေါက် ငယ်လေးကို ဆွဲသွားတယ်။

နောက်တစ်နေ့မနက်မှာ မောင်ပိုက ကျားဆီ ရောက်လာပြီး–

"မင်း ငါ့စကားကို နားထောင်ပါကွာ။ ခင်လို့ ပြောတာပါ။ ဒီည ရှာထဲ မဝင်ပါနဲ့။ မင်းကို ရအောင် ဖမ်းကြလိမ့်မယ်"

ဒါပေမဲ့ ကျားက မယုံပါဘူး။ အဲဒီည ရှာထဲ ထပ်ဝင်တော့ ရှာသား တွေရဲ့ ထောင်ချောက်လှောင်အိမ်ထဲ ကျားဟာ အမိခံလိုက်ရတယ်။

mgyoe.com

mgyoe.com





mgyoe.com

mgyoe.com


ရွာသားတွေက ကျားကို ဒီအတိုင်း အစာရေစာ ပြတ်အောင်ထားဖို့ ဆုံးဖြတ်ကြတယ်။ ကျားဟာ တစ်နေ့ထက်တစ်နေ့ အစာငတ်၊ ရေငတ်နဲ့မို့ အားအင် ကုန်ခန်းပြီး သေရမယ့်ကိန်း ဆိုက်တာပေါ့။

မောင်ပိုဟာ ခင်ရတဲ့ မိတ်ဆွေအတွက် စိတ်မကောင်းဘူး။ လှောင်အိမ်နားကို ရောက်လာတယ်။ ရွာသားတွေနဲ့ သူ့မိဘတွေရဲ့ ဆူပူခံရမယ့် အရေးကို ထည့်မထွက်ဘဲ ကျားကို လွှတ်ပေးဖို့ ဆုံးဖြတ်လိုက်တယ်။

လှောင်အိမ်က လွတ်လာတဲ့ ကျားဟာ လွတ်ရာကို ထွက်ပြေးရမှာ ဖြစ်ပေမဲ့ မပြေးဘူး။ သူ့ရဲ့ဆာလောင်နေတဲ့ ဒုက္ခကို ဖြေရှင်းဖို့ ကျေးဇူးရှင် မောင်ပိုကို စားဖို့ ပြင်တယ်။

မောင်ပိုက မစားသင့်ကြောင်း ပြောတယ်။

ကျားက စားသင့်တယ်၊ စားမယ်လို့ပဲ ပြောနေတုန်း ပညာရှိ ယုန်တစ်ကောင် ရောက်လာတယ်။

mgyoe.com